# ရောဂါလက္ခဏာတွေ့ရခြင်း (positive)

## နောက်ထပ် ဘာဖြစ်မလဲ?

**timetobowelscreen.nz**

Health New Zealand
Te Whatu Ora

Te Kāwanatanga o Aotearoa
New Zealand Government

Time to screen
National Bowel Screening Programme

## ရောဂါလက္ခဏာတွေ့ခြင်း (positive) - ဘာဖြစ်နေသလဲ။

သင်၏ အူလမ်းကြောင်း စစ်ဆေးရာတွင် ရောဂါလက္ခဏာတွေ့ရ (positive) ပါသည်၊ ဆိုလိုသည်မှာ သင်၏ ဝမ်း (မစင်) တွင် သွေးအချို့ တွေ့ရှိခဲ့သည်။ သင့်အနေဖြင့် အနည်းငယ် စိုးရိမ်ပူပန်မှု ခံစားရနိုင်သည်။ ဒါကိုပိုနားလည်နိုင်ပေမယ့် ရောဂါလက္ခဏာတွေ့ရခြင်း (positive) က သင့်မှာ အူမကြီးကင်ဆာဖြစ်နေတယ်လို့ မဆိုလိုဘူးဆိုတာ သိထားဖို့ အရေးကြီးပါတယ်။ မကြာခဏဆိုသလို ဝမ်း(မစင်) တွင် သွေးအနည်းငယ် ပါလေ့ရှိပြီး အူလမ်းကြောင်းအသားပို (ကြီးထွားမှုများ) သို့မဟုတ် လိပ်ခေါင်းရောဂါ (လိပ်ခေါင်း) ကဲ့သို့သော အခြားအသေးအဖွဲ့အခြေအနေများကြောင့် ဖြစ်တတ်သည်။ ဒါတွေကို အလွယ်တကူ ကုသနိုင်ပါတယ်။

## နောက်ထပ် ဘာဖြစ်မလဲ။

သွေးထွက်ရသည့် အကြောင်းရင်းကို သိရှိရန် နောက်ထပ် စစ်ဆေးမှုတစ်ခု လိုအပ်မည်ဖြစ်သည်။ အသုံးအများဆုံး စစ်ဆေးမှုမှာ အူမကြီးမှန်ပြောင်းကြည့်ခြင်း (colonoscopy) ဖြစ်သည်။

သင့် ဒေသတွင်း အူမကြီးစစ်ဆေးခြင်းအစီအစဉ်မှ တစ်စုံတစ်ဦးသည် သင့်ထံဆက်သွယ်ပြီး သင့်အူမကြီးစစ်ဆေးခြင်းအတွက် ရက်ချိန်းကို စီစဉ်ပေးပါမည်။ သူတို့အား အူမကြီးစစ်ဆေးခြင်းဆိုင်ရာ မေးခွန်းများ မေးနိုင်မည်ဖြစ်သည်။ သင့်ဆရာဝန်နှင့်လည်း ဆွေးနွေးနိုင်ပါသည်။

# အူမကြီးမှန်ပြောင်းကြည့်ခြင်း (colonoscopy) ဆိုတာဘာလဲ။

အူမကြီးမှန်ပြောင်းကြည့်နေစဉ်အတွင်း အထူးလေ့ကျင့်ထားသည့် ဆရာဝန် သို့မဟုတ် သူနာပြုတစ်ဦးသည် အလွန်သေးငယ်သောကင်မရာကို အသုံးပြု၍ သင့်အူလမ်းကြောင်း (အူမကြီး)၏အလွှာကို တိုက်ရိုက်ကြည့်ရှုသည်။ ကင်မရာသည် သေးငယ်သောပြောင်း ပြွန်အပျော့တစ်ခု၏ အဆုံးတွင် ရှိပြီး၊ သင်၏စအို (အောက်ခြေ) မှတဆင့် အူလမ်းကြောင်းထဲသို့ထည့်ပါသည်။ ကင်မရာကို သင့်အူလမ်းကြောင်းတွင် ပြဿနာတစ်ခုခု ရှိမရှိ ရှာဖွေရန် အသုံးပြုသည်။

အူမကြီးမှန်ပြောင်းကြည့်ခြင်းဖြင့် အူလမ်းကြောင်းတွင် ကင်ဆာ ရှိ၊မရှိကို သိရှိနိုင်သည်။ အကြိတ်လုံးများသည် ကင်ဆာမဟုတ်သော်လည်း နှစ်ပေါင်းများစွာကြာသောအခါ ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။ အကြိတ်လုံး ရှိပါက ယေဘုယျအားဖြင့် ကင်ဆာကိုကာကွယ်ရန် ဖယ်ရှားပစ်မည်ဖြစ်သည်။ ဖယ်ရှားထားသော အကြိတ်လုံးတွင် ဆာဆဲလ်များ ရှိမရှိ စစ်ဆေးရန် ဓာတ်ခွဲခန်းသို့ ပေးပို့သည်။

နိုင်ငံတဝှမ်း အူမကြီးစစ်ဆေးခြင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အူမကြီးမှန်ပြောင်းကြည့်သော လူ 10 ယောက်လျှင် 7 ယောက်ခန့်တွင် အကြိတ်လုံးများ ရှိကြသည်။ အူမကြီးစစ်ဆေးခြင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အူမကြီးမှန်ပြောင်းကြည့်သော လူ 100 လျှင် 7 ယောက်ခန့်တွင် ကင်ဆာတွေ့ရပါသည်။ တွေ့ရှိရသောကင်ဆာများ၏ အနည်းဆုံး သုံးပုံတစ်ပုံသည် အစောပိုင်းအဆင့်ဖြစ်သည်။

## ဒါက နာကျင်မှာလား။

တချို့လူတွေအတွက် အူမကြီးမှန်ပြောင်းကြည့်ရတာ အနည်းငယ် အဆင်မပြေပါဘူး။ အူမကြီးမှန်ပြောင်းကြည့်ခြင်း မပြုမီ၊ သင့်အား အိပ်ငိုက်စေသော ဆေးကိုသောက်စေပါမည်။ ထိုသို့ဖြင့် အူမကြီးစစ်ဆေးခြင်းကို ပိုမိုသက်တောင့်သက်သာ ဖြစ်စေသည်။ သင့်အား စောင့်ရှောက်ရန် အခန်းထဲတွင် ဆရာဝန်နှင့် သူနာပြုများ ရှိလိမ့်မည်။

## အူမကြီးမှန်ပြောင်းကြည့်ခြင်း (colonoscopy) အတွက် ဘယ်လိုပြင်ဆင်ရမလဲ။

အူမကြီးမှန်ပြောင်းကြည့်ခြင်း မပြုမီတွင် အူနံရံကို ရှင်းရှင်းလင်းလင်းမြင်နိုင်စေရန်အတွက် အူလမ်းကြောင်းထဲ ရှင်းနေရန် လိုပါသည်။ အူမကြီးမှန်ပြောင်းကြည့်ခြင်း ရက်များတွင် အချို့သော အစားအစာတို့ စားသုံးခြင်းကို ရပ်တန့်ရန် သင့်အား ညွှန်ကြားနိုင်ပါသည်။ အူလမ်းကြောင်းသန့်စင်ပေးသော ဖျော်ရည်တစ်မျိုး သောက်ရန်လိုအပ်ပြီး အိမ်သာသွားကာ ဝမ်းကို သန့်ရှင်းစေနိုင်ပါတယ်။ ညွှန်ကြားချက်များသည် ရက်ချိန်းစာနှင့်အတူ ပါလာပါသည်။

# ဆေးရုံမှာ ဘယ်လောက်ကြာကြာနေရန် လိုမလဲ။

အူမကြီးမှန်ပြောင်းကြည့်ခြင်းသည် ပုံမှန်အားဖြင့် ကြာချိန် တစ်နာရီထက်နည်းသော်လည်း ဆေးရုံတွင် နာရီအနည်းငယ်ကြာနေရန် လိုအပ်ပါသည်။

သူနာပြု သို့မဟုတ် ဆရာဝန်သည် အူမကြီးမှန်ပြောင်းကြည့်ခြင်းမပြုမီ သင်နှင့် ဆွေးနွေးမည်ဖြစ်ပြီး သင့်မေးခွန်းများကို ဖြေကြားပေးမည်ဖြစ်သည်။ သဘောတူခွင့်ပြုချက်ကို လက်မှတ်ထိုးခိုင်းပါလိမ့်မယ်။ မိသားစုဝင်များနှင့် ပံ့ပိုးကူညီသူများသည် အူမကြီးမှန်ပြောင်းကြည့်ခြင်းမပြုမီ သင်နှင့်အတူ ရှိပေးနေနိုင်ပါသည်။

အူမကြီးမှန်ပြောင်းကြည့်ပြီးနောက် ထိုနေ့အဖို့ ကျန်အချိန်များကို အနားယူရန် အရေးကြီးပါသည်။ အိပ်ငိုက်စေသောဆေး သောက်ထားပါက ကားမောင်းရန် သို့မဟုတ် အလုပ်သွားလုပ်ရန် ဘေးမကင်းပါ။

## အူမကြီးမှန်ပြောင်းကြည့်ခြင်းသည် အန္တရာယ်ရှိပါသလား။

အူမကြီးမှန်ပြောင်းကြည့်ခြင်းသည် များသောအားဖြင့် ဘေးကင်းပါသည်။ သို့သော် ဆေးဘက်ဆိုင်ရာလုပ်ဆောင်မှု အများစုကဲ့သို့ပင်၊ တစ်ခါတစ်ရံတွင် ပြဿနာများ ဖြစ်ပွားနိုင်သည်။ အူမကြီးမှန်ပြောင်းကြည့်ခြင်း သို့မဟုတ် အကြိတ်လုံးများကို ဖယ်ရှားခြင်းသည် သွေးထွက်ခြင်း သို့မဟုတ် သင့်ကို ထိခိုက်စေမည့် အန္တရာယ် အနည်းငယ်ရှိပါသည်။ ထိုသို့ဖြစ်လာပါက နောက်ထပ်ကုသမှုတွေ လိုအပ်နိုင်ပါတယ်။

## အူမကြီးမှန်ပြောင်းကြည့်ခြင်း၊ အခြားစစ်ဆေးမှုများ သို့မဟုတ် ကုသမှုများအတွက် ငွေပေးရန် လိုအပ်ပါသလား။

သင်သည် အကျုံးဝင်သူဖြစ်ပါက ပြည်သူ့ကျန်းမာရေးစနစ်အတွင်းရှိ အူမကြီးမှန်ပြောင်းကြည့်ခြင်းနှင့် နောက်ဆက်တွဲစစ်ဆေးမှုများ သို့မဟုတ် ကုသမှုများသည်  အခမဲ့ဖြစ်သည်။

## ရက်ချိန်းတွင် မလာရောက်နိုင်ပါက ဘာဖြစ်မည်နည်း။

အူမကြီးမှန်ပြောင်းကြည့်ခြင်းအတွက် မလာနိုင်ပါက ကျွန်ုပ်တို့ထံ တတ်နိုင်သမျှ အမြန်ဆုံး ဖုန်းဆက်ပါ။ ရက်ချိန်းစာတွင်ပါသော ဖုန်းနံပါတ်ကို ခေါ်ပါ။ သင့်အတွက် နောက်ထပ် ရက်ချိန်းတစ်ခု စီစဉ်ပေးပါမည်။

## ကျွန်ုပ်တွင် အူမကြီးကင်ဆာ ရှိပါက ဘာဖြစ်မည်နည်း။

အူမကြီးကင်ဆာဖြစ်လျှင် အထူးကုဆရာဝန်ထံ ပြသရန် လွှဲပြောင်းပေးပါမည်။ အူမကြီးကင်ဆာ အတွက် အဓိကကုသမှုမှာ များသောအားဖြင့် ခွဲစိတ်မှုဖြစ်သည်။ သင့်အနေဖြင့် ဓာတုကုထုံး သို့မဟုတ် ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းလည်း လိုအပ်နိုင်သည်။

## အူမကြီးကင်ဆာကို ဘယ်လို အောင်မြင်စွာ ကုသနိုင်မလဲ။

အူမကြီးကင်ဆာ အစောပိုင်းအဆင့်တွင်း စစ်ဆေးတွေ့ရှိသူများသည် အောင်မြင်စွာ ကုသရန် အခွင့်အလမ်းများစွာရှိသည်။ ကင်ဆာကို ပိုမိုပျံ့နှံ့လာသော နောက်ပိုင်းအဆင့်တွင် သိရှိရပါက ကုသဖို့ ပိုခက်ပါတယ်။

## ပိုမိုသိရှိလိုပါက

- လေ့လာရန် **timetobowelscreen.nz**
- အခမဲ့ ဖုန်း **0800 924 432**, တနင်္လာ မှ သောကြာ မနက် 8 နာရီ မှ ညနေ 6 နာရီ အတွင်း
- အီးမေးလ် **info@bowelscreening.health.nz**

လူထုအတွက် ကျန်းမာရေးဝန်ဆောင်မှု ရန်ပုံငွေ အကျိုးဝင်မှုအတွက် Health New Zealand | Te Whatu Ora ဝဘ်ဆိုက်တွင် လေ့လာပါ။ သို့မဟုတ် **0800 924 432** ကို ဖုန်းခေါ်ပါ။

## အခြားဘာသာစကားများနှင့် တင်ပြပုံများ

ယခုလက်ကမ်းစာစောင်ကို ဖတ်ရှုသိရှိနိုင်သော ပုံစံများဖြင့် အောက်ပါဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။

တီရီယိုမာရိုရီ၊ ကွတ်အိုင်လန်၊ ဆာမိုအန်၊ ဖီဂျီယန်၊ ရိုတူမန်၊ ကရီဘတီ၊ တွန်ဂန်၊ တူဗေလူယန်၊ လျူအီရန်၊ တိုကီလူရန်၊ တရုတ်စာသစ်၊ ရှေးရိုးတရုတ်စာ၊ ကိုရီးယား၊ ဟင်ဒီ၊ ပန်ဂျပ်၊ တဂလောင်၊ အာရဗီ နှင့် မြန်မာ။

QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ် **timetobowelscreen.nz** သို့သွားပါ။

HE2726 JULY 2024 BURMESE